ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီး Coronavirus Disease 2019 (COVID-19)
ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ

စာအမှတ်၊ ၂ / ၄ - ၇ / ၃ ဦး၆ ( ၁၇၇၅ )
ရက် စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၁ ရက်

တိုင်းဒေသကြီးကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးမှူး
မန္တလေးတိုင်းဒေသကြီးကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ခရိုင် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး
ကော်မတီ(အားလုံး)၊ မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ ။ ပြည်တွင်းရောဂါဖြစ်ပွားမှု နည်းသည့်ဒေသများမှ လာရောက်သူများကို **Facility Quarantine (၂၁)ရက်နှင့် Home Quarantine (၇)ရက် မထားရှိရေးကိစ္စ**

ရည် ညွှန်း ချက်။ ဤကော်မတီ၏ ၁၃-၄-၂၀၂၀ရက်စွဲပါစာအမှတ်၊ ၂/၄-၇/၃ဦး၆(၁၁၇၉)

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသူများနှင့် မန္တလေးတိုင်းဒေသကြီးပြင်ပ ရောဂါဖြစ်ပွားမှုများသည့်ဒေသများတွင် သွားရောက်နေထိုင်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသူများကို Facility Quarantine (၂၁)ရက်နှင့် Home Quarantine (၇)ရက် ဆောင်ရွက်သွားရန်နှင့် ရောဂါပိုးတွေ့ရှိခြင်းမရှိသည့် ဒေသများတွင် သွားရောက်နေထိုင်ခဲ့ပြီး ပြန်လာသူဖြစ်ပါက တာဝန်ရှိသူများ၏ စစ်ဆေးမှုခံယူပြီး လိုအပ်မှသာ Facility Quarantine (၂၁)ရက်နှင့် Home Quarantine (၇)ရက် ဆောင်ရွက်သွားရန် ရည်ညွှန်းပါစာဖြင့် ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၂။ သို့သော် ယခုအခါတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်နှင့် ကလေးမြို့နယ်တို့အား မိမိအိမ်တွင်းနေထိုင်စေရေး (Stay at Home) အစီအစဉ်မှကင်းလွတ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် မန္တလေးတိုင်းဒေသကြီးပြင်ပ ရောဂါပိုးတွေ့ရှိမှုများပြားသည့် ဒေသမှအပ ကျန်အခြားဒေသများတွင် ရောဂါပိုးကူးစက်မှု လွန်စွာနည်းပါးကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများနှင့် မန္တလေးတိုင်းဒေသကြီးပြင်ပ ရောဂါပိုးတွေ့ရှိသူများပြားသည့်ဒေသမှ လာရောက်သူများအားလုံးကို ယခင်အတိုင်း Facility Quarantine (၂၁)ရက်နှင့် Home Quarantine (၇)ရက်ထားရှိရန်နှင့် ပြည်တွင်းရောဂါဖြစ်ပွားမှုနည်းသည့်ဒေသများမှ လာရောက်သူများကို Facility Quarantine နှင့် Home Quarantine ဆောင်ရွက်ရန်မလိုကြောင်း အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ ( [illegible] )
(မြင့်လွင်၊ တွဲဖက်အတွင်းရေးမှူး )